the voice of spring

24.5.2021 · Monday · No . 49 · Daily News Pamphlet

**အမျိုးသားညီညွတ်ရေးအစိုးရ၊ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်သူ့ကာကွယ်ရေးတပ်မတော်၏အလံတော်၊ သစ္စာ အဓိဋ္ဌာန်(၄)ချက်၊ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များ၊ အရပ်ဘက်အုပ်ချုပ်မှုနှင့် ကွပ်ကဲမှု၊ စစ်ဘက်ဆိုင်ရာ တန်ဖိုးထားမှုနှင့်ယဉ်ကျေးမှုများကို အသေးစိတ်ထုတ်ပြန်**

သတင်းတို

ရင်းမြစ် – NUG မှ

**အသက်၊ အိုးအိမ်၊ စည်းစိမ်များကို စွန့်လွှတ်၍ တိုက်ပွဲဝင်နေသော အလုပ်သမားထုကြီးကို အထူးချီးကျူးဂုဏ်ပြုပါကြောင်းနှင့်ဖြစ်ပေါ်နေသောအခြေအနေများနှင့်အညီ မူဝါဒ(၅)ချက်ချမှတ်ထားပြီး အလုပ်သမားအခွင့်အရေးများကာကွယ်နိုင်ရန်ကြိုးပမ်းသွားမည်ဟုအချက်(၇)ချက်ပါကြေညာချက် NUGအလုပ်သမားဝန်ကြီးဌာနမှထုတ်ပြန်ခဲ့**

သတင်းတို

ရင်းမြစ် – NUG မှ

## နယ်ဘက်ကျေးလက်များ၌ သပိတ်စစ်ကြောင်းများ လူအင်အားထောင်ချီ၍ ပိုမိုအားကောင်းလာ



မေလ(၂၃)ရက်၊ မန္တလေးမြို့၌ ပြုလုပ်ခဲ့သည့် ပြည်သူများ၏ 'လက်ဖက်ရည်ဆိုင်သပိတ်' ကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ - CJ )

**အဆိုတော် အေးသင်ချိုဆွေကို စစ်အုပ်စုမှ ရွှေပါရမီကွန်ဒို၌ ဖမ်းဆီးခဲ့**

သတင်းတို

ရင်းမြစ် – RFA မှ

**NLD ပါတီဖျက်သိမ်းရန် စစ်အုပ်စု ရွေးကော်၏ ကြိုးပမ်းမှုကို EU မှ ပြစ်တင်ရှုတ်ချကြောင်း ထုတ်ပြန်ခဲ့**

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

**မြန်မာနိုင်ငံ၌ ဒီမိုကရေစီ ပြန်ရရန် ဆက်လုပ်သွားမည်ဟု အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့**

သတင်းတို

ရင်းမြစ် – RFA မှ

**NUG လူ့အခွင့်အရေးဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းနှင့် မြန်မာနိုင်ငံရှိ မွတ်စလင် အသင်းအဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြဟုသိရ**

သတင်းတို

ရင်းမြစ် – RFA မှ

**ကနီ-မင်းကင်းမြို့လမ်းအနီး ဒေသခံများနှင့်တိုက်ပွဲ၌ စစ်အုပ်စုမှ(၆၀)ခန့် သေဆုံးပြီး ကား(၂)စီး မိုင်းဆွဲခံခဲ့ရ**

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

**ဒီးမောဆိုရဲစခန်းကို PDF ဝင်တိုက်၊ စစ်အုပ်စုဘက်မှ သံချပ်ကာကား(၅)စီးခန့် ငွေတောင်မြို့သို့ ရောက်ရှိလာ**

သတင်းတို

ရင်းမြစ် – RFA မှ

**ရှမ်းတောင်၊ ဖယ်ဖုံမြို့နယ်၊ မိုးပြဲမြို့ရဲစခန်းကို PDF မှ တိုက်ခိုက်သိမ်းပိုက်ရာ စစ်အုပ်စုမှ(၂၀)ခန့်သေဆုံးပြီး ရဲ(၄)ဦးကို လက်နက်များနှင့် ဖမ်းဆီးရရှိခဲ့**

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

The Voice Of Spring Cartoon




ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

the voice of spring
24.5.2021 · Monday · No . 49 · Daily News Pamphlet

# နွေနှင့်စာချုပ်ချုပ်ဆိုခြင်း

**လှသန်း**

ပူပြင်းမှု အာခေါင်ထဲမှာ
ပိတ်လှောင်ခံရာသီ
စိမ်းလန်းတဲ့နေ့ရက်များ
သူ့လက်ထဲမှာ ကွပ်မျက်ခံလိုက်ရ
သွားလေသူ သစ်ရွက်ကြွေရဲ့ဈာပန
အမျှဝေတဲ့ လေက လိုက်ပါပို့ဆောင်
နေရောင်ပြင်းပြင်းနဲ့ မွန်းလွဲပိုင်းဟာ
လမ်းမကို လှိုင်းထနေတဲ့ရေပြင်ဖြစ်အောင်
အမြင်အာရုံကို လှည့်စားနေခဲ့။

ဥသြငှက်ရဲ့တေးသံမှာ
အပူငွေ့တွေပျံ့လို့
ကိုယ်လုံးတီးသစ်ခြောက်ပင်တပင်
သဉ္ဇါရ ဓမ္မကို ဆင်ခြင်နေသလား။

ကောင်းကင်တခုလုံး
လျှော်ဖွတ်ပြီးစ ဂျင်းဘောင်းဘီတထည်လိုသန့်စင်
တိမ်တွေနယ်နှင်ဒဏ်ခံခဲ့ရ။

နွေရာသီရဲ့ ရှုခင်းဟာ
အလျှံတငြီးငြီးဝင်းလက်
ကြောက်မက်ဖွယ်ရာ လောင်ကျွမ်း
ချော်ရည်ဖုံးလွှမ်းခံလိုက်ရတဲ့ ပွန်ပီမြို့လို…။

စိတ်ဓါတ်မကျနဲ့
ရပ်ကွက်အသီးသီးက
မတ်လရဲ့ ရဲဘော်တို့ရေ
ဆံပင်တွေ အရည်ပျော်ပါစေ
နေရောင်အောက်မှာ လမ်းဆက်လျှောက်မယ်။



fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

ဖေဖော်ဝါရီ(၁)ရက်မှ မေ(၂၃)ရက်အထိ

ကျဆုံးသူဦးရေ - ၈၁၈ ဦး
အဖမ်းဆီးခံရသူဦးရေ- ၅၃၉၂ ဦး
ဝရမ်းထုတ်ခံရသူဦးရေ- ၁၈၂၂ ဦး

ရင်းမြစ်–အေအေပီပီမှ

# သတင်းမှတ်စု

မေလ(၂၃)ရက်၊ ၂၀၂၁



**NUG** အစိုးရ၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်ကြီး၏ အလံတော်

- ပဲခူး၊ ထန်းတပင်မြို့နယ်တွင် မေ(၂၂)ရက်၊ ည(၈)နာရီခွဲခန့်က ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် စစ်အုပ်စုက ပြည်သူများနေထိုင်ရာ ရပ်ကွက်များအတွင်း ရမ်းသမ်းပစ်ခတ်ခဲ့ရာ ဦးမျိုးဆိုသူကို ကျည်ထိမှန်ခဲ့ပြီး ၎င်းအား ဒဏ်ရာများနှင့်ပင် စစ်အုပ်စုက ခေါ်ဆောင်သွားရာမှ ကျဆုံးခဲ့ရဟုသိရ။
- တန့်ဆည်မြို့၊ မဟာမြိုင်ရပ်ကွက်ရှိ စစ်ကျွန်ဒလံ ဦးသိန်းဆွေအောင် (ခ) မောင်စိုးနှင့် ဇနီးဖြစ်သူ ဒေါ်ချောစုတို့မှာ နံနက်(၈) နာရီကျော်ခန့်က အမည်မသိလူတစ်စုက သေနတ်နှင့် ပစ်ခတ်မှုကြောင့် မောင်စိုးမှာ သေဆုံးခဲ့ပြီး ဇနီးဖြစ်သူမှာ ကုသမှု ခံယူနေရ။
- စစ်ကိုင်း၊ ဟုမ္မလင်းမြို့နယ်၊ ချင်းတွင်မြစ်ကူးတံတားရှိ စစ်အုပ်စု လုံခြုံရေးကင်းစခန်းအား မေ(၂၂)ရက်၊ ည(၁၀)နာရီခန့်က လက်နက်ကိုင်အဖွဲ့တစ်ခုက ဝင်ရောက်ပစ်ခတ်ရာ ရဲ(၁)ဦးသေဆုံးပြီး စစ်သား(၁)ဦး ဒဏ်ရာရခဲ့။
- ရှမ်း၊ မူဆယ်မြို့တောင်ပိုင်း သုသာန် ငှက်ပျောကုန်းအနီးရှိ စစ်အုပ်စုတပ်စခန်းကို KIA မှ နံနက်ပိုင်းက တိုက်ခိုက်ခဲ့ဟုသိရ။
- မိုးကုတ်မြို့၊ ကျပ်ပြင်ဈေးကျောင်းအနီးတွင် နေ့လယ်(၁၁)နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားရာ စစ်အုပ်စုမှ (၁)ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့။
- ရန်ကုန်၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ အေးရိပ်မွန်(၄)လမ်းထိပ်ရှိ CP ကြက်ကြော်ဆိုင်အနီး၌ နေ့လယ်(၁၂)နာရီခန့်က ပေါက်ကွဲမှုဖြစ်ခဲ့။
- မန္တလေး၊ (၆၂)လမ်းပေါ်ရှိ ပြည်ကြီးတံခွန်ရဲစခန်းကို မေ(၂၂)ရက်၊ ည(၈)နာရီခွဲကျော်ခန့်တွင် ဆိုင်ကယ် စီးနင်းလာသူတစ်ဦးက လက်လုပ်ဗုံး ပစ်သွင်းခဲ့သဖြင့် စစ်အုပ်စုက သေနတ်နှင့် ပြန်လည် ပစ်ခတ်ခဲ့ဟုသိရ။
- ရန်ကုန်၊ မြောက်ဥက္ကလာပ၊ (ဈ) ရပ်ကွက်၊ စက္ကဝတ် (၆)လမ်းနေ စစ်ကျွန်ရာအိမ်မှူး ရဲ ထွင်မှာ မေ(၂၂)ရက်၊ ည(၁၀)နာရီခွဲခန့်က ဓားထိုးခံခဲ့ရပြီး ၎င်းအား ဓားဖြင့် ထိုးသွားသူကို စစ်အုပ်စုက ဝင်ရောက်စီးနင်း ဖမ်းဆီးရာ မတွေ့ရှိသဖြင့် နေအိမ်ရှိ ဖခင်နှင့် ညီဖြစ်သူတို့ကို ရိုက်နှက်၍ ဖမ်းဆီးခဲ့ဟုသိရ။
- ရန်ကုန်၊ အင်းစိန်မြို့နယ်တွင်းရှိ ခရစ်ယာန်ဘုရားကျောင်းတခုကို စစ်အုပ်စုက မေ(၂၂)ရက် ညပိုင်းတွင် ဝင်ရောက်စီးနင်း၍ ကျောင်းတွင်းပစ္စည်းများကို ဖျက်စီးကာ မသန်စွမ်း(၃)ဦးအပါအဝင် (၃)ဦးကို ဖမ်းဆီးခဲ့။
- ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ကျောင်းသားများက လူစည်ကားရာ ဈေးများ၌ ကြက်ခြေခတ်ထားသည့် စစ်အုပ်စုခေါင်းဆောင်ပုံများနှင့် စစ်အုပ်စုပိုင် စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်ပုံများကို ဈေးလမ်းမများ၌ ဖြန့်ခင်း၍ ပျောက်ကြားသပိတ် ပြုလုပ်ခဲ့ကြ။
- မန္တလေး၊ မတ္တရာမြို့၊ အရှေ့ပိုင်းကျေးရွာများ၊ သံဃသမဂ္ဂ၊ အမရပူရ၊ ပညာရေးမိသားစု။ ညောင်ဦး။ မြင်းခြံ။ ပခုက္ကူ။ ကမ္မ။ ရေဦး။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ တန့်ဆည်။ ရွှေဘို၊ ဆိပ်ခွန်။ ဒီပဲယင်း၊ ဆင်ရောက်ကြီးရွာ။ ဘုတလင်။ မြိုင်။ ဂန့်ဂေါမြို့နယ်၊ သာလင်းရွာ။ မိုးကောင်း။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ ထားဝယ်။ လောင်းလုံမြို့နယ်၊ ညင်းမော်၊ ကဒက်ငယ်ထိန်၊ ကဒက်ကြီး၊ ပန်းဒလဲ၊ မောင်းမကန်၊ ဝေဒီ၊ စစ်ပြ။ မွန်- ကျိုက်ထို။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်၊ တာမခန်၊ ဟိုပင်။ စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြ။ ရင်းမြစ်–မဇ္ဈိမ

## အရေးတော်ပုံ မုချ အောင်ရမည်

**နွေဦးစကား ဒို့ပြောကြား**

"သေရဲရင်ထွက်ခဲ့ဆိုတဲ့ကောင်တွေကို အခုငါတို့က ပြန်မေးရမယ့်အလှည့်"

**The Voice Of Spring Cartoon**

